H:- Chin. Affairs Provisional Council (Allowances) (Second Amendment) Act 1951
(Act No. XLVIII of 1951)

# ၁၉၅၁ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ချင်းရေးရာ ယာယီကောင်စီ (သဘာပတိလစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေစတင်အာဏာတည်သည့်နေ့တွင် ဤအက်ဥပဒေစတင်အာဏာတည်ရမည်။

၂။ ။၁၉၄၉ ခုနှစ်၊ ချင်းရေးရာယာယီကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၄) ပုဒ်မ ၂ (၃) တွင်၊ ''ပါလီမန်အတွင်းဝန်သော်၎င်း'' ဟူသော စကားရပ်နောက်တွင်၊ ''ချင်းရေးရာ ယာယီကောင်စီ သဘာပတိသော်၎င်း'' ဟူသောစကားရပ်ကိုထည့်သွင်းရမည်။

G.U.B.C.P.O.—No. 43, Min. of J.A., 21-11-51—2,100—II.
Price,—One anna.]